# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့အစီအစဉ်

## [၂၅-၁၀-၂၀၁၂] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းထွန်း၊ ဒီပဲယင်း မဲဆန္ဒနယ်၏ တရားရုံးအဆင့်ဆင့်၏ လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးများ ဖြစ်ပေါ်နေသည်ကို လျော့နည်း ပပျောက်စေရန် မည်ကဲ့သို့ အရေးယူစီမံ ဆောင်ရွက်ထားမှု နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်ထွန်း၊ ကော့သောင်း မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးခဲ့သော တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင် စေရန် ဝိုင်းဝန်းကူညီ ထောက်မပေးရေးအဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီမံဆောင်ရွက်မှု အခြေအနေ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များသည် ၂၄ နာရီ တာဝန်ထမ်းဆောင်နေရသဖြင့် လုံလောက်သော အနားယူမှုများ ဆောင်ရွက်နိုင်ရေး ရဲတပ်ဖွဲ့ဝင် အင်အားတိုးချဲ့ ခန့်ထားရန် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ ကျောက်ဖြူမြို့နယ် ကပိုင်ချောင်း ကျေးရွာမှ လယ်သမား ၅ ဦး မတရားဆုံးရှုံးနစ်နာစေမှု နှင့် စပ်လျဉ်းသည့် မေးခွန်း။

(c) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ လေ့လာပေးထားသော စက်သုံးဆီဆိုင်များမှ ပုဂ္ဂလိက ဆီဆိုင်များကဲ့သို့ လိုသလောက် ရောင်းချပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ဦးယော်ဒီဒွေ့၊ ပူတာအို မဲဆန္ဒနယ်၏ **"ကချင်ပြည်နယ်တွင် နယ်မြေလုံခြုံရေး အရ မိမိတို့၏နေရပ်ဒေသကို စွန့်ခွာ၍ ခေတ္တတိမ်းရှောင် လာကြသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသအလိုက် ရိက္ခာပြတ်လပ်မှုများ အပါအဝင် လုံခြုံရေးအရ မိမိတို့တာဝန်ကျရာဒေသ၌ တာဝန်ထမ်းဆောင်ရန် အခက်အခဲ ဖြစ်နေသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များအတွက် အထူးသဖြင့် ပူတာအိုခရိုင်နှင့် ချီဖွေ၊ ဆော့လော် ဒေသများသို့ လမ်းပန်း ဆက်သွယ်ရေးအပါအဝင် စီမံခန့်ခွဲရေး နည်းလမ်းများအရ အဘက်ဘက်က ကူညီစောင့်ရှောက်ပေးနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်။

(ခ) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်။

(ဂ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်။

(ဃ) ဦးစီခန်ရမ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်။

(င) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်။

(စ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်။

(ဆ) ဦးမန်းဂျော်နီ၊ မြောင်းမြ မဲဆန္ဒနယ်။

(ဇ) ဗိုလ်မှူးကြီးမြင့်ဟန်၊ တပ်မတော်သားကိုယ်စားလှယ်။

(ဈ) ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်။

(ည)  ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်။

(ဋ)  ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်။

(ဌ)  ဦးအောင်စိုးမြင့်၊ တောင်ငူ မဲဆန္ဒနယ်။

(ဍ)  ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်။

(ဎ)  ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်။

(ဏ)  ဦးဇောင်းခေါင်၊ ဆော့လော် မဲဆန္ဒနယ်။

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။